ICRC
40-year
journey of
Humanity in Myanmar



မြန်မာနိုင်ငံအတွင်း နှစ်ပေါင်း ၄၀ ကြာ လူသားချင်းစာနာထောက်ထားမှုခရီး

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခိုက်အတန့်များ။

A 40-year journey of humanity in Myanmar

Moments of humanity

ICRC



ICRC a 40-year journey of Humanity in Myanmar

Foreword

The ICRC's engagement in Myanmar began long before we set up a presence here. It began more than a century ago, doing what lies at the heart of our mission: protecting the dignity and well-being of people who are not, or are no longer, taking part in armed conflict.

The ICRC was active providing its services during both world wars, then left the country and returned forty years ago. Forty years can span an entire career, yet remain close enough for us to remember the people, the partnerships and the experiences that shaped our work, and to reflect on a commitment whose impact continues today. In 1986, through orthopaedic activities, the ICRC established its presence in Myanmar, beginning a four decade long commitment to restoring mobility, dignity and independence to people affected by conflict and other hardships.

That is where our presence began: in a workshop, alongside the Ministry of Health, helping people who had lost a limb walk again. It remains part of what we do today—and some of the prosthetics are now repaired by people who were once patients themselves.

Much has changed since. Our work has expanded across the country to reach communities affected by armed conflict, displacement, pandemic, cyclone and earthquake. What has not changed is why we do it. Our purpose is to promote respect for international humanitarian law (IHL) and to assist those affected by armed conflict and other situations of violence. Wherever there is an armed conflict, there is a need for a neutral organization that talks to all sides, reminding them of their IHL obligations, and that can reach people in need, whichever side of the front line they are on. Grounded in our mandate under the Geneva Conventions of 1949, which Myanmar acceded to in 1992, we continue to carry out this role 40 years on.

This book gathers forty stories from those four decades. They are not the account of an organisation. They are forty moments in which someone was helped to stand, to eat, to reach clean water, to access timely medical care, to send words to a family, or simply to be treated with dignity as a person. Forty years is a milestone, and an opportunity to reflect on what we have done, on the people we have assisted, and on the mission that drives us.

Another essential part of who we are is our belonging to the International Red Cross and Red Crescent Movement. The ICRC contributes to, and benefits from, the wealth of expertise and energy of the Myanmar Red Cross Society and of the Movement partners present in the country. We also work hand in hand with a wide range of local organizations. Our thanks go to all of these essential partners; to the donors and international partners whose support has sustained us through the decades; and above all to my colleagues, past and present, whose work fills these pages.

We have been here for forty years. And we will remain, committed to standing with the people of Myanmar, for as long as we are needed.

Arnaud de Baecque
Head of Delegation, Myanmar

ဌာနေကိုယ်စားလှယ်၏ အမှာစကား

အိုင်စီအာရ်စီသည်မြန်မာနိုင်ငံတွင် အမြဲတမ်းရုံးဖွင့်ကာလုပ်ငန်းများဆောင်ရွက်သည့် ကာလမတိုင်မီ အချိန်များစွာကပင် မြန်မာနိုင်ငံနှင့် ဆက်စပ်ပတ်သက်မှုရှိခဲ့သည်။ ထိုဆက်စပ်ပတ်သက်မှုသည် ကျွန်ုပ်တို့၏ အဓိကကျသည့်လုပ်ငန်းတာဝန်ကို ဆောင်ရွက်ခြင်းဖြစ်ပြီး လွန်ခဲ့သည့် ရာစုနှစ်တစ်ခုထက်ပိုသည့် ကာလများမှစတင်ခဲ့သည်။ ကျွန်ုပ်တို့၏အဓိကကျသည့်လုပ်ငန်းမှာ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ခြင်းမရှိသည့် သို့မဟုတ် ဆက်လက်ပါဝင်နိုင်ခြင်း မရှိတော့သည့်သူများ၏ ဂုဏ်သိက္ခာနှင့် ကောင်းကျိုးချမ်းသာကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။

ကမ္ဘာစစ်ကြီးများဖြစ်နေသည့်ကာလနှစ်ခုလုံး၌အိုင်စီအာရ်စီသည်၎င်း၏ဝန်ဆောင်မှုလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်ခဲ့ပြီးနောက် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ပေါင်းလေးဆယ်မှစတင်၍ လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပါသည်။ နှစ်ပေါင်းလေးဆယ်ဆိုသည့်အချိန်သည် တသက်တာအလုပ်လုပ်ခဲ့သည့် ကာလတစ်ခု ဖြစ်နိုင်သည်။ သို့ရာတွင် ကျွန်ုပ်တို့၏ လုပ်ငန်းများအပေါ် အလွန်အရေးပါသော အကျိုးသက်ရောက်မှုရှိစေခဲ့သည့် လူပုဂ္ဂိုလ်များ၊ မိတ်ဖက်အဖြစ် လက်တွဲဆောင်ရွက်မှုများနှင့် တွေ့ကြုံခဲ့သည့်ဖြစ်ရပ်များသည် မနေ့တစ်နေ့ကကဲ့သို့ပင် အမှတ်ထင်ထင်ရှိနေဆဲဖြစ်ပါသည်။ ယနေ့ထိတိုင် ဆက်လက်အကျိုးသက်ရောက်မှုရှိနေဆဲဖြစ်သည့် သန္ဓေဌာန်တစ်ခုကို ပြန်လည်စဉ်းစားဆင်ခြင်ရန် လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခုလည်းဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ယင်း၏ ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာလုပ်ငန်းများဖြင့် အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတွင် အမြဲတမ်းရုံးဖွင့်လှစ်ခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားဆင်းရဲဒုက္ခများကြောင့် ထိခိုက်ခံစားခဲ့ရသည့်သူများ၏ လှုပ်ရှားသွားလာနိုင်မှု၊ ဂုဏ်သိက္ခာနှင့် အမှီအခိုကင်းမှုတို့ကို ပြန်လည်ရရှိစေရန်ဟူသည့် ဆယ်စုနှစ်လေးခု ရှည်ကြာခဲ့ပြီးသော သန္ဓေဌာန်တစ်ခု၏ အစပင်ဖြစ်သည်။

ကျွန်ုပ်တို့၏စဉ်ဆက်မပြတ်လုပ်ငန်းများအစပျိုးခဲ့သည့်နေရာကား အလုပ်ရုံတစ်ခုတွင်ဖြစ်သည်။ ခြေထောက်ဆုံးရှုံးခဲ့သူများအား ပြန်လည်လှုပ်ရှားသွားလာနိုင်စေရန် ယင်းအလုပ်ရုံတွင် ကျွန်းမာရေးဝန်ကြီးဌာနနှင့်လက်တွဲကာ အကူအညီများပေးခဲ့သည်။ ဤကဲ့သို့ အကူအညီပေးမှုသည် ယနေ့ထိတိုင် ကျွန်ုပ်တို့ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေဆဲဖြစ်သည့်အပြင် အချို့သောခြေတုလက်တုများကို တစ်ချိန်က ကိုယ်တိုင်ခြေတုတပ်ဆင်ရန်လိုအပ်ခဲ့သူများကိုယ်တိုင်က ပြန်လည်ပြုပြင်ပေးနေပြီဖြစ်သည်။

ထိုအချိန်မှစ၍ အပြောင်းအလဲများစွာ ဖြစ်လာခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုများ၊ ကပ်ရောဂါ၊ ဆိုင်ကလုန်းမုန်တိုင်းနှင့် ငလျင်တို့ကြောင့် ထိခိုက်ခံစားရသည့် ရပ်ရွာလူထုများထံသို့ သွားရောက်ကူညီပေးနိုင်ရန် ကျွန်ုပ်တို့၏ လုပ်ငန်းများသည် နိုင်ငံတစ်ဝန်းတွင် ကြီးမားကျယ်ပြန့်လာခဲ့သည်။ သို့ရာတွင် ပြောင်းလဲမှုတစ်စုံတစ်ရာမရှိသည်မှာ ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရသည့် အကြောင်းရင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (အိုင်အိတ်ချ်အယ်လ်) ကို အများသိရှိလေးစားလိုက်နာလာစေရန်နှင့် လက်နက်ကိုင်

ပဋိပက္ခနှင့် အခြားသော အကြမ်းဖက်မှုအခြေအနေများကြောင့် ထိခိုက်ခံစားရသူများကို ကူညီထောက်ပံ့မှုပေးရန်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခတစ်ခုဖြစ်ပွားသည့်နေရာတိုင်းတွင် အိုင်အိတ်ခ်ျအယ်လ်ဆိုင်ရာ လိုက်နာရမည့်တာဝန်ဝတ္တရားများကို အသိပေးနှိုးဆော်ရန် ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့အားလုံးနှင့် ဆက်သွယ်ပြောဆိုသည့်အပြင် ရှေ့တန်းမျက်နှာစာ၏ မည်သည့်နယ်မြေဘက်အပိုင်းတွင်မဆိုရှိနေသည့် အကူအညီလိုအပ်နေသော အရပ်သားပြည်သူများထံသို့သွားရောက်နိုင်သည့် ကြားနေအဖွဲ့အစည်းတစ်ခုလိုအပ်သည်။ မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ်ပါဝင်သည့် ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူညီချက်များကပေးအပ်ထားသည့် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ခွင့်အပေါ် တွင်အခြေပြုသည့် ဤအခန်းကဏ္ဍကို နှစ်ပေါင်းလေးဆယ်ရှိလာပြီဖြစ်သည့်တိုင် ကျွန်ုပ်တို့က ဆက်လက်ဆောင်ရွက်လျက်ရှိခဲ့သည်။

ဤစာအုပ်တွင် ဤဆယ်စုနှစ်လေးစုကာလအတွင်းက အကြောင်းအရာပေါင်းလေးဆယ်ကို စုစည်းတင်ပြထားသည်။ ဤအကြောင်းအရာများသည် အဖွဲ့အစည်းတစ်ခု၏ ပြောကြားချက်သက်သက် မဟုတ်ပါ။ ဤအကြောင်းအရာများသည် တစ်ဦးတစ်ယောက်အား ပြန်လည်ရပ်တည်နိုင်ရန်၊ စားသောက်နိုင်ရန်၊ သန့်ရှင်းသည့်ရေရရှိနိုင်ရန်၊ အချိန်နှင့်တပြေးညီ ဆေးဝါးစောင့်ရှောက်မှုများ ရရှိနိုင်ရန်၊ မိသားစုကို သတင်းစကားအကြောင်းကြားလိုက်နိုင်ရန် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ယောက်အဖြစ် ဂုဏ်သိက္ခာရှိရှိပြုမူဆက်ဆံခံရစေရန် အကူအညီပေးလိုက်နိုင်သည့် အခိုက်အတန့်လေးဆယ်ဖြစ်သည်။ နှစ်ပေါင်းလေးဆယ်ကာလသည် မှတ်တိုင်တစ်ရပ်ဖြစ်သည့်အပြင် ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်ခဲ့သောအရာများ၊ ထောက်ပံ့ကူညီခဲ့သည့်လူများနှင့် ကျွန်ုပ်တို့ရှေ့ဆက်နိုင်ရန် တွန်းအားပေးသည့် လုပ်ငန်းတာဝန်တို့အပေါ် ပြန်လည်သုံးသပ်ရန် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့အစည်း၏ နောက်ထပ်အလွန်အရေးကြီးသည့်အချက်တစ်ခုမှာ ကျွန်ုပ်တို့သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုတွင် ပါဝင်နေခြင်းဖြစ်သည်။ အိုင်စီအာရ်စီသည် နိုင်ငံအတွင်းရှိနေသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကြက်ခြေနီလှုပ်ရှားမှုမိတ်ဖက်အဖွဲ့များ၏ များပြားကျယ်ပြန့်သည့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများ၊ အင်အားများမှ အကျိုးဖြစ်ထွန်းသကဲ့သို့ ပိုမိုအားကောင်းလာစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင်ကျွန်ုပ်တို့သည်ပြည်တွင်း အဖွဲ့အစည်းအမျိုးမျိုးနှင့်လည်း လက်တွဲဆောင်ရွက်လျက်ရှိသည်။ မရှိမဖြစ်အရေးကြီးသည့် ဤမိတ်ဖက်အဖွဲ့အစည်းများအားလုံး၊ ကျွန်ုပ်တို့အား ဆယ်စုနှစ်များတလျှောက် ရေရှည်ရပ်တည်နိုင်ရန် ပံ့ပိုးကူညီလျက်ရှိသည့် အလှူရှင်များနှင့် နိုင်ငံတကာမိတ်ဖက်များနှင့် အတူ အထူးသဖြင့် ယင်းတို့၏လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ဤစာအုပ်အတွင်းရှိစာမျက်နှာများတွင် ထည့်သွင်းဖော်ပြစေနိုင်သည့် ယခင်နှင့်ယခု လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၄၀ ကြာ လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး၊ ကျွန်ုပ်တို့ကို လိုအပ်နေသမျှကာလပတ်လုံး မြန်မာလူထုအတွက်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုပါသည်။

Arnaud de Baecque

မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်

Prologue

The roots of a mandate (Before 1986)

Long before the ICRC established a presence in Myanmar, it had already provided support and assistance to people affected by armed conflict. The ICRC's first humanitarian intervention in what was then Burma dates back to 1917, when it visited British detention facilities. In 1945, at the end of the Second World War, it visited prisoners of war in Rangoon. In 1949 and 1950, it provided assistance to families who had fled the fighting of the years after independence and gathered in camps around the capital. The relationship with the country's own Red Cross started when the ICRC recognized the Red Cross of Burma on 20 April 1939, bringing it into the worldwide Red Cross and Red Crescent Movement. By the 1970s, schoolchildren were reading about that Movement, and about the rules that protect people in war, in their own language.

These photographs are not part of the forty years of presence we are commemorating today. They are what came before: visits when they were possible, offers of help, and a partnership with a National Society that had already existed for decades. Each of them tells something about what the ICRC is about and why complying with the rules of war remains so critical.

In 1986, a new phase began: the ICRC introduced new prosthetic technology in what is now the National Rehabilitation Hospital in Yangon, and initiated a long-lasting relationship with the Ministry of Health. The ICRC's presence in Myanmar began with a workshop.

What follows are forty stories from the four decades since: moments of resilience, connection and humanity, seen through the lives of people across Myanmar.

ရှေ့ပြေးဖြစ်ရပ်

လုပ်ငန်းဆောင်ရွက်ခွင့် စတင်ရာရင်းမြစ် (၁၉၈၆ ခုနှစ်မတိုင်မီ)

အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတွင် အမြဲတမ်းရုံးဖွင့်ကာ လုပ်ငန်းများဆောင်ရွက်သည့်ကာလမတိုင်မီအချိန်များစွာကပင် လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် သူများကို အထောက်အပံ့များနှင့် အကူအညီများပေးခဲ့သည်။ ယခင်က 'ဘားမား'ဟုခေါ်တွင်သည့် မြန်မာနိုင်ငံတွင် အိုင်စီအာရ်စီ၏ ပထမဦးဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခဲ့သည်မှာ ၁၉၁၇ ခုနှစ်ကဖြစ်သည်။ ယင်းအချိန်က အိုင်စီအာရ်စီသည် ဗြိတိသျှအကျဉ်းထောင်များကို သွားရောက်လေ့လာသုံးသပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်၌ အိုင်စီအာရ်စီသည် ရန်ကုန်တွင် စစ်သုံ့ပန်းများကို သွားရောက်တွေ့ဆုံခဲ့သည်။ ၁၉၄၉ ခုနှစ်နှင့် ၁၉၅၀ ခုနှစ်တို့တွင် အိုင်စီအာရ်စီသည် လွတ်လပ်ရေးရပြီး နောက်ပိုင်းနှစ်များတွင် ဖြစ်ပွားခဲ့သည့်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာကြပြီး မြို့တော်ပတ်လည်ရှိ စခန်းများတွင် လာရောက်စုဝေးနေကြသည့် မိသားစုများကို အကူအညီများပံ့ပိုးပေးခဲ့သည်။ အိုင်စီအာရ်စီသည် ၁၉၃၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ယခုမြန်မာနိုင်ငံကြက်ခြေနီအသင်းကို စတင်အသိအမှတ်ပြုခဲ့ရာမှ မြန်မာနိုင်ငံ၏ ကြက်ခြေနီအသင်းနှင့်ဆက်ဆံရေးကိုစတင်ခဲ့ပြီး ယင်းကို ကမ္ဘာအနှံ့တည်ရှိသည့် ကြက်ခြေနီနှင့် လခြမ်းနီလှူပ်ရှားမှုတွင် ပါဝင်လာနိုင်စေခဲ့သည်။ ၁၉၇၀ ပြည့်ကျော်နှစ်များတွင် ကျောင်းသား၊ ကျောင်းသူများသည် ဤကြက်ခြေနီလှူပ်ရှားမှုအကြောင်းနှင့် စစ်ပွဲအတွင်း အများပြည်သူကိုအကာအကွယ်ပေးသည့် စည်းမျဉ်းများအကြောင်းကို ၎င်းတို့၏ဘာသာစကားဖြင့် ဖတ်ရှုနေကြပြီဖြစ်သည်။

ဤဓါတ်ပုံမှတ်တမ်းများသည် ယနေ့အထိမ်းအမှတ်အဖြစ် ကျင်းပလျက်ရှိသည့် နှစ်လေးဆယ် စဉ်ဆက်မပြတ်လုပ်ငန်းဆောင်ရွက်မှုကာလအတွင်းက မှတ်တမ်းဓါတ်ပုံများမဟုတ်ပါ။ ထိုဓါတ်ပုံမှတ်တမ်းများသည် ယင်းနှစ်လေးဆယ်ကာလမတိုင်မီကဖြစ်သည်။ ဖြစ်နိုင်သည့်အခါတွင် လာရောက်အကူအညီများပေးပြီး ဆယ်စုနှစ်များစွာ တည်ရှိခဲ့သည့် အမျိုးသားကြက်ခြေနီအသင်းနှင့်အတူ မိတ်ဖက်လုပ်ငန်းဆောင်ရွက်မှုများ၏ မှတ်တမ်းများဖြစ်သည်။ ဓါတ်ပုံမှတ်တမ်းတစ်ခုချင်းစီက အိုင်စီအာရ်စီသည် မည်ကဲ့သို့အဖွဲ့အစည်းဖြစ်သည်၊ အဘယ့်ကြောင့် စစ်ပွဲဆိုင်ရာစည်းမျဉ်းများကို လေးစားလိုက်နာရန်သည် အလွန်အရေးကြီးဆဲဖြစ်သည်ကို ပြောပြလျက်ရှိသည်။

၁၉၈၆ ခုနှစ်တွင် အိုင်စီအာရ်စီသည် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် ခြေတုလက်တုဆိုင်ရာ နည်းပညာအသစ်ကို စတင်မိတ်ဆက်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ရေရှည်တည်မြဲသည့် ဆက်ဆံရေးတစ်ခုကိုအစပြုကာ ကဏ္ဍအသစ်တစ်ရပ်ကို ဖွင့်လှစ်ခဲ့သည်။ အိုင်စီအာရ်စီ၏ မြန်မာနိုင်ငံအတွင်း စဉ်ဆက်မပြတ်သောလုပ်ငန်းများကို ခြေတုတပ်ဆင်ရေးအလုပ်ရုံတစ်ခုမှ အစပျိုးခဲ့ခြင်းဖြစ်သည်။

ဆက်လက်ဖော်ပြထားသည့် မှတ်တမ်းဓါတ်ပုံများသည် ဆယ်စုနှစ်လေးစုကာလအတွင်းက အကြောင်းအရာလေးဆယ်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အများပြည်သူတို့၏ လူမှုဘဝအခြေအနေများမှတဆင့်မြင်တွေ့ရသည့် ကြံ့ကြံ့ခံနိုင်မှု၊ ဆက်နွယ်မှု၊ လူသားချင်းစာနာထောက်ထားမှုတို့နှင့်ဆိုင်သည့် အခိုက်အတန့်ကလေးများပင်ဖြစ်သည်။

ရန်ကုန်၊ ၁၉၄၅။ ဒုတိယကမ္ဘာစစ်အပြီး စစ်သုံ့ပန်းများ။

လက်နက်ကိုင်ပဋိပက္ခအတွင်း ဖမ်းဆီးမိသူ မည်သူကိုမဆို လူသားဆန်စွာပြုမူဆက်ဆံရမည်ဖြစ်ပြီး အိုင်စီအာရ်စီသည် ထိုသူများထံသို့ သွားရောက်လည်ပတ်ခွင့်၊ ၎င်းတို့အပေါ် ပြုမူဆက်ဆံပုံနှင့် အခြေအနေများကို လေ့လာဆန်းစစ်ခွင့်နှင့် ၎င်းတို့၏မိသားစုများထံသို့ မိသားစုသတင်းစကားများ သယ်ဆောင်သွားခွင့်ရှိသည်။ ဤမှတ်တမ်းဓါတ်ပုံသည် အိုင်စီအာရ်စီ၏ မှတ်တမ်းဟောင်းများ ထိန်းသိမ်းရာ မော်ကွန်းတိုက်မှဖြစ်ပြီး၊ အိုင်စီအာရ်စီ မြန်မာနိုင်ငံအတွင်း အခြေစိုက်လုပ်ဆောင်ခြင်းမစတင်မီ ဆယ်စုနှစ်လေးစုကျော် ကာလကဖြစ်သည်။ စစ်သုံ့ပန်းများဆိုင်ရာ ၁၉၂၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်၊ အပိုဒ် ၈၆။ ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံပါဝင် လက်မှတ်ရေးထိုးခဲ့သည့် ဤစည်းမျဉ်းများကို ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူညီချက်များက ပိုမိုခိုင်မာစေခဲ့သည်။

Rangoon, 1945. Prisoners of war at the end of the Second World War.

Whoever is captured in armed conflict must be treated humanely, and the ICRC is entitled to visit them, to check their treatment and conditions and to carry word to their families. The photograph comes from the ICRC's archives, four decades before the organisation's presence in the country began. 1929 Geneva Convention on prisoners of war, Article 86. The rules were strengthened in the Geneva Conventions of 1949, which Myanmar acceded to in 1992.





ရန်ကုန်၊ ၁၉၄၉။ လွတ်လပ်ရေးရပြီးနောက်ပိုင်းနှစ်များ၏ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာသည့် မိသားစုများ ကြည့်မြင်တိုင်မြို့နယ်ရှိ ကုသိုလ်စင်စခန်းတွင် လာရောက်စုဝေးနေစဉ်။

၁၉၄၉ ခုနှစ်နှင့် ၁၉၅၀ ပြည့်နှစ်တို့တွင် အိုင်စီအာရ်စီကိုယ်စားလှယ်များသည် လူထု၏အလိုအပ်ဆုံးအရာများကို သိရှိနိုင်ရန် ဤသို့သောစခန်းများကို လေ့လာလည်ပတ်ခဲ့သည်။ မည်သူမည်ဝါဖြစ်သည် သို့မဟုတ် မည်သည့်အရပ်ကလာသည်ကို အခြေမခံဘဲ လိုအပ်ချက်သီးသန့်ကိုသာအခြေခံ၍ အကူအညီကိုပေးအပ်သည်။

Rangoon, 1949. Families who fled the fighting of the years after independence gather at Kauthouzin camp in Kyimyintdine township.

ICRC delegates visited camps like this one in 1949 and 1950 to see what people needed most. Help is given based on need alone, regardless of who people are or where they come from.



ICRC



ရန်ကုန်၊ ၁၉၅၁။ ရန်ကုန်အကျဉ်းထောင်တွင် ထိန်းသိမ်းထားခံရသူများ။

မည်သည့်တရားစွဲဆိုချက်ကြောင့်ဖြစ်စေ လွတ်လပ်ခွင့်ဆုံးရှုံးနေသူများတွင် ၎င်းတို့၏အခွင့်အရေးများနှင့် ဂုဏ်သိက္ခာသည် ဆက်လက်တည်ရှိနေသည်။ ကိုယ်စားလှယ်များသည် ဖမ်းဆီးထိန်းသိမ်းခံထားရသူများနှင့် သီးသန့်တွေ့ဆုံစကားပြောဆိုကာ ၎င်းတို့အပေါ် ပြုမူဆက်ဆံပုံနှင့် အခြေအနေများကို လေ့လာဆန်းစစ်ပြီး တွေ့ရှိချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတွင်းရေးကိစ္စအဖြစ် ထိန်းသိမ်းထားရှိကာ ဆွေးနွေးပြောဆိုသည်။ ဤအရာသည် အိုင်စီအာရ်စီက ရာစုနှစ်တစ်ခုကျော်လုပ်ကိုင်ခဲ့သည့် လုပ်ငန်းဖြစ်သည်။

Rangoon, 1951. Men held at Rangoon Prison.

People deprived of their liberty keep their rights and their dignity, whatever they are accused of. Delegates speak with them in private, check their treatment and conditions, and confidentially raise what they find with the authorities. It is the work the ICRC has done for more than a century.



ရန်ကုန်၊ ၁၉၅၈။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ရုံးချုပ် အုတ်မြစ်ချစဉ်။

မှတ်တမ်းဓါတ်ပုံတွင် သမ္မတဒေါက်တာဦးဘဦးနှင့် ဝန်ကြီးချုပ်ဦးနုတို့ ပါဝင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် စေတနာလုပ်အားရှင်များရှိသည့် ယနေ့ခေတ်မြန်မာနိုင်ငံကြက်ခြေနီအသင်းဟုသိရှိကြသည့် အမျိုးသားအသင်းသည် နိုင်ငံ၏ ကြက်ခြေနီဖြစ်သကဲ့သို့ အိုင်စီအာရ်စီနှင့်အတူ ကမ္ဘာအနှံ့တွင်ရှိသည့် ကြက်ခြေနီလှုပ်ရှားမှုတွင်ပါဝင်ပြီး လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသည့် တူညီသည့်မူများအားဖြင့် လုပ်ငန်းဆောင်ရွက်သည်။ အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အသိအမှတ်ပြုခဲ့သည်။

Rangoon, 1958. The foundation stone is laid for the headquarters of the Red Cross of Burma.

Among those present, President Dr. U Ba U and Prime Minister U Nu. The National Society, known today as the Myanmar Red Cross Society, is the country's own Red Cross, with volunteers in every state and region. It belongs, with the ICRC, to the same worldwide Movement, and works by the same principles: humanity, impartiality, neutrality, independence. The ICRC recognised the Red Cross of Burma on 20 April 1939.



ICRC

မြန်မာနိုင်ငံ၊ ၁၉၇၁။ ကလေးငယ်နှစ်ဦးသည် ကြက်ခြေနီနှင့် စစ်ပွဲအတွင်း လူထုအားအကာအကွယ်ပေးသည့် စည်းမျဉ်းများအကြောင်းရှင်းပြထားသည့် 'ကြက်ခြေနီနှင့် ကျွန်ုပ်၏နိုင်ငံ' ကျောင်းသုံးဖတ်စာအုပ်ကို မြန်မာဘာသာဖြင့် ဖတ်ရှုနေစဉ်။

လူထုအား ၎င်းတို့၏မိခင်ဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုခြင်းသည် အိုင်စီအာရ်စီ၏ ကြာမြင့်စွာအသုံးပြုလာသည့် လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများထဲက တစ်ခုဖြစ်ပြီး ယနေ့ထိတိုင် ရပ်ရွာလူထုများ၊ ပညာရေးနှင့် ဘာသာရေး အဝန်းအဝိုင်းများနှင့် လက်နက်ကိုင်များ သို့မဟုတ် ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းရှိသူများနှင့် ပြောဆိုဆက်ဆံရာတွင်လည်း ဤနည်းလမ်းကို ဆက်လက်အသုံးပြုလျက်ရှိသည်။

Myanmar, 1971. Two girls read "The Red Cross and My Country", a school textbook in Burmese explaining the Red Cross and the rules that protect people in war.

Reaching people in their own language is among the ICRC's oldest ways of working. It continues today with communities, in academic and religious circles, and with those who carry weapons or hold authority.

Theme 1

Protection of people deprived of liberty and family links

People held in detention retain their rights and dignity, irrespective of what they are being accused of. ICRC delegates visit places of detention, speak with people in private, check their treatment and conditions, and raise what they find with the authorities in confidence.

With the Myanmar Red Cross Society and the worldwide Red Cross and Red Crescent Movement, the ICRC also helps separated families exchange news, and supports people released from detention to return home with dignity.

အကြောင်းအရာ ၁။

လွတ်လပ်ခွင့်ဆုံးရှုံးနေသူများနှင့် မိသားစုအဆက်အသွယ်များအား အကာအကွယ်ပေးခြင်း။

မည့်သည့်တရားစွဲဆိုချက်ကြောင့်ဖြစ်စေ အကျဉ်းထောင်၊ အကျဉ်းစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသူများတွင် ၎င်းတို့၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာသည် ဆက်လက်တည်ရှိနေသည်။ အိုင်စီအာရ်စီကိုယ်စားလှယ်များသည် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများနှင့် သီးသန့်တွေ့ဆုံစကားပြောဆိုကာ ၎င်းတို့အပေါ် ပြုမူဆက်ဆံပုံနှင့် အခြေအနေများကို လေ့လာဆန်းစစ်ပြီး တွေ့ရှိချက်များကို တာဝန်ရှိသူများနှင့် အတွင်းရေးကိစ္စအဖြစ် ထိန်းသိမ်းထားရှိကာ ဆွေးနွေးပြောဆိုသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကမ္ဘာအနှံ့တွင်ရှိသည့် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုတို့နှင့်အတူတွဖက်ကာ အိုင်စီအာရ်စီသည် ကွဲကွာနေသည့် မိသားစုဝင်များအကြား မိသားစုသတင်းများ ပေးပို့ဖလှယ်ခြင်းနှင့် အကျဉ်းထောင်မှ လွတ်မြောက်လာသူများအား နေအိမ်သို့ ဂုဏ်သိက္ခာရှိရှိ ပြန်နိုင်စေရန် ပံ့ပိုးကူညီသည်။



ရန်ကုန်တိုင်းဒေသကြီး၊ ၂၀၀၃။ အင်းစိန်အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့်သူတစ်ဦးသည် အိုင်စီအာရ်စီက ကိုယ်စားလှယ်နှစ်ဦးဖြင့် သီးသန့်တွေ့ဆုံ စကားပြောဆိုနေစဉ်။

အတွင်းရေးကိစ္စအဖြစ် ထိန်းသိမ်းထားရှိသည့် ဤကဲ့သို့သော ဆွေးနွေးပြောဆိုမှုများသည် အကျဉ်းထောင်၊ အကျဉ်းစခန်းများ အတွင်း အိုင်စီအာရ်စီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ အသက်သွေးကြောဖြစ်ပြီး ဤအရာက ဖမ်းဆီးထိန်းသိမ်း ခံထားရသူများအား ၎င်းတို့အပေါ် ပြုမူဆက်ဆံပုံနှင့် ၎င်းတို့၏လိုအပ်ချက်များကို လွတ်လပ်စွာ ပြောဆိုနိုင်စေပါသည်။ အကျဉ်းထောင်တွင်းနေထိုင်မှု အခြေအနေများ ပိုမိုကောင်းမွန်လာစေရန် ထောက်ကူမည့် ဝေမျှချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတွင်းရေး ကိစ္စအဖြစ် ထိန်းသိမ်းထားရှိ ဆွေးနွေးပြောဆိုသည်။

Yangon, 2003. A man held at Insein Prison speaks in private with two ICRC delegates.

These confidential conversations are at the heart of the ICRC's work in places of detention, allowing people to speak freely about their treatment and their needs. What they share is raised with the authorities concerned only, in confidence, to help improve the living conditions of detainees.

ရန်ကုန်တိုင်းဒေသကြီး၊ ၂၀၁၉။ အိုင်စီအာရ်စီနှင့် အကျဉ်းဦးစီးဌာနတို့အတူ အဆင့်မြှင့်တင်ပြုပြင်ထားသည့် အင်းစိန်အကျဉ်းထောင်ရှိ ထောင်ဝင်စာတွေ့ဆုံသည့်နေရာတွင် မိသားစုများက ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ၎င်းတို့၏ မိသားစုဆွေမျိုးများနှင့် တွေ့ဆုံစကားပြောဆိုနေစဉ်။

လွတ်လပ်ခွင့်ဆုံးရှုံးနေသူများအတွက် မိသားစုနှင့် ဆက်သွယ်နိုင်ခြင်းသည် အလွန်အရေးကြီးသည်။

Yangon, 2019. Families speak with their relatives across the partition of the renovated visiting area at Insein Prison, upgraded by the ICRC together with the Prisons Department.

Contact with family matters enormously to people deprived of liberty.



ICRC



ရခိုင်ပြည်နယ်၊ ၂၀၁၉။ အမျိုးသမီးနှစ်ဦးသည် ကွဲကွာနေသည့် ၎င်းတို့မိသားစုဆွေမျိုးများထံက ပေးပို့သည့် ကြက်ခြေနီအကြောင်းကြားစာနှင့် ဓါတ်ပုံကို ဖတ်ရှုနေစဉ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကမ္ဘာတစ်ဝန်းရှိ ကြက်ခြေနီနှင့် လခြမ်းနီကွန်ရက်နှင့်အတူ အိုင်စီအာရ်စီသည် ကွဲကွာနေသည့်မိသားစုဝင်များအကြား မိသားစုသတင်းများပေးပို့ဖလှယ်နိုင်ရန်ကူညီပြီး ပျောက်ဆုံးနေသည့် ဆွေမျိုးများအားရှာဖွေရာတွင် ကူညီလျက်ရှိသည်။ လက်ရေးဖြင့်ရေးသားထားသည့် စာတစ်စောင်သည် မိသားစုတစ်စုအတွက် နှစ်ပေါင်းများစွာကြာမှရရှိသည့် ပထမဆုံးသတင်းစကားဖြစ်နိုင်သည်။

Rakhine, 2019. Two women read a Red Cross message and look at a photograph of relatives from whom they have been separated.

With the Myanmar Red Cross Society and the worldwide Red Cross and Red Crescent network, the ICRC helps separated families exchange news and search for missing relatives. A handwritten message can be the first news a family has had in a long time.



ရှမ်းပြည်နယ်၊ ၂၀၂၀။ အကျဉ်းထောင်မှ လောလောလတ်လတ် လွတ်မြောက်လာသူများကို ၎င်းတို့၏ အိမ်အပြန်ခရီးအတွက် လိုအပ်သည့်အထောက်အပံ့နှင့် သတင်းအချက်အလက်များကို အိုင်စီအာရ်စီ၏ မိမိနေအိမ်သို့ ဘေးကင်းစွာပြန်လည်ရောက်ရှိစေရေးအစီအစဉ်ကဏ္ဍအားဖြင့် မျှဝေကူညီပံ့ပိုးသည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအန္တရာယ်မှ အနည်းဆုံးဖြစ်စေရန် လုပ်ငန်းစဉ်များအားလုံးကို ဖြစ်ပေါ်နေသည့် အခြေအနေနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

Shan, 2020. Upon release from prison, as part of the Safe Return Home Programme, the ICRC provides recently released detainees with assistance and information they need for their journey home.

In 2020, all processes were adapted to ensure minimal risk of exposure to COVID-19.

ရန်ကုန်တိုင်းဒေသကြီး၊ ၂၀၂၅။ အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသူ၏ မိသားစုဝင်တစ်ဦးနှင့် အိုင်စီအာရ်စီဝန်ထမ်းတစ်ဦးတို့ တွေ့ဆုံစကားပြောဆိုနေစဉ်။

မိသားစုခရီးစရိတ်ပံ့ပိုးကူညီမှုအစီအစဉ်မှတဆင့် အိုင်စီအာရ်စီသည် မိသားစုများကို အကျဉ်းထောင်၊ အကျဉ်းစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ၎င်းတို့ချစ်ခင်ရသည့် မိသားစုဆွေမျိုးများထံသို့ သွားရောက်တွေ့ဆုံနိုင်စေရန် ပံ့ပိုးကူညီလျက်ရှိသည်။ အကျဉ်းထောင်အတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသူနှင့် အိမ်တွင်စောင့်ဆိုင်းလျက်ရှိသောမိသားစု နှစ်ဦးနှစ်ဖက်လုံးအတွက် ဤသို့သွားရောက်တွေ့ဆုံနိုင်ခြင်းက ခက်ခဲသည့်အချိန်ကာလများအတွင်း ၎င်းတို့အကြားရှိ မိသားစုသံယောဇဉ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်စေမည်ဖြစ်သည့်အပြင်၊ မိသားစုအဆက်အသွယ်ကိုလည်း အဆက်မပြတ်ထိန်းသိမ်းထားနိုင်စေမည်ဖြစ်သည်။

Yangon, 2025. An ICRC staff member speaks with a woman whose relative is held in detention.

Through its family visit programme, the ICRC helps families travel to see their loved ones in places of detention. For both the person held in the detention centre and the family waiting at home, these visits help them preserve family bonds and maintain connections through difficult times.



Theme 2

Assisting people displaced by armed conflicts or other situations of violence

When families are forced from their homes, the first needs are urgent: water, food, shelter, a way to achieve safety. The next need is to be able to support oneself. Alongside emergency relief, the ICRC helps people restore their own food production and income, with seeds, tools, livestock, fishing boats or the means to return to work. Help is given according to need alone, in places that are often the hardest to reach.

အကြောင်းအရာ ၂။

လက်နက်ကိုင်ပဋိပက္ခနှင့်
အခြားအကြမ်းဖက်မှု
အခြေအနေများကြောင့်
ထိခိုက်ခံစားရသူများအား
ထောက်ပံ့ကူညီခြင်း

မိသားစုများ၊ ၎င်းတို့၏နေအိမ်များကို မဖြစ်မနေစွန့်ခွာရသည့်အခါ ပထမဆုံးဖြစ်ပေါ်လာသည့် အဆောတလျင်လိုအပ်ချက်များမှာ ရေ၊ အစားအစာ၊ နေထိုင်ရန်အမိုးအကာနှင့် ဘေးကင်းလုံခြုံမှုရရှိနိုင်ရန် ဖြစ်သည်။ ထို့နောက်တွင် မိမိကိုယ်ကို ပံ့ပိုးနိုင်စွမ်းရှိရန် လိုအပ်လာသည်။ အရေးပေါ်ထောက်ပံ့ကူညီမှုများနှင့်အတူ အိုင်စီအာရ်စီသည် မျိုးစေ့များ၊ ပစ္စည်းကိရိယာများ၊ မွေးမြူရေးတိရစ္ဆာန်များ၊ ငါးဖမ်းလှေများ သို့မဟုတ် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ရန်နည်းလမ်းများ ပံ့ပိုးခြင်းအားဖြင့် လူထုအား ၎င်းတို့၏ အစားအစာထုတ်လုပ်နိုင်စွမ်းနှင့် ဝင်ငွေရှာဖွေနိုင်စွမ်းကို ပြန်လည်ရရှိစေရန် ကူညီသည်။ အကူအညီကို လိုအပ်ချက်သက်သက်ကိုသာမူတည်၍ ပေးအပ်ပြီး ရောက်ရှိရန် အခက်ခဲဆုံးဒေသများတွင် ပေးအပ်သည်။



ရခိုင်ပြည်နယ်၊ ၂၀၁၄။ စစ်တွေမြို့နယ်ရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆုံးရှုံးခဲ့သည့် မိသားစုများကို လှေနှင့် ငါးဖမ်းပိုက်များပေးအပ်နေစဉ်။

အစားအစာ၊ ရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကဲ့သို့ပင် လူထုအား ကိုယ်တိုင်ဝင်ငွေပြန်လည်ရှာဖွေနိုင်ရန် ပံ့ပိုးကူညီခြင်းသည် အိုင်စီအာရ်စီ၏အထောက်အပံ့တွင် အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုဖြစ်သည်။

Rakhine, 2014. Canoes and fishing nets are handed over in Sittwe township, to families who had lost the means to make a living.

Helping people restore their own income is a central part of the ICRC's assistance, alongside food, water and health care.



ရှမ်းပြည်နယ်မြောက်ပိုင်း၊ ၂၀၁၆။ ကွက်ခိုင်မြို့နယ်၊ မုံးစီးဒေသတွင် အိုင်စီအာရ်စီအဖွဲ့နှင့် တောင်သူတစ်ဦးသည် အနီးဝန်းကျင်ရှိ လယ်မြေများအား ရေပေးဝေသည့် ရေပိုက်လိုင်းတစ်ခုကို ပြင်ဆင်နေစဉ်။

ရေသည် နေအိမ်များအတွက် ပထမဖြစ်သော်လည်း ယင်းကပင် မိသားစုများ လယ်ယာလုပ်ငန်းလုပ်ကိုင်နိုင်ခြင်း ရှိမရှိကို ဆုံးဖြတ်ပေးသည်။

Northern Shan State, 2016. In the Mong Si area of Kutkai township, an ICRC team and a farmer repair a water pipeline that feeds the surrounding fields.

Water reaches homes first, but it also decides whether a family can farm.



ရခိုင်ပြည်နယ်၊ ၂၀၁၆။ မြေပုံမြို့နယ်က ကလေးခုနစ်ယောက်မိခင် ဒေါ်ခင်လှသည် သူမမွေးမြူထားသည့် ဝက်လေးများထဲမှတစ်ကောင်ကို ပွေ့ချီထားစဉ်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းအစပြုရန် အိုင်စီအာရ်စီ၏အကူအညီဖြင့် သူမသည် တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးလုပ်ငန်းကိုစတင်ခဲ့ပြီး ရရှိသည့်ဝင်ငွေကို သူမ၏ကလေးများ ကျောင်းပညာအတွက် အသုံးပြုခဲ့သည်။

Rakhine State, 2016. Daw Khin Hla, a mother of seven from Myebon Township, holds one of the pigs she now raises.

With support from the ICRC to start a livelihood, she built a small pig farm and used the income to keep her children in school.



ရှမ်းပြည်နယ်၊ ၂၀၁၇။ နေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများ နေထိုင်ရာ စခန်းတစ်ခုတွင် အမျိုးသမီးငယ်တစ်ဦးသည် သူမ၏နေအိမ်အရှေ့တွင် သူမ၏ကလေးငယ်ကိုပွေ့ချီထားပြီး အိုင်စီအာရ်စီဝန်ထမ်းအား စကားပြောဆိုနေစဉ်။

အကူအညီကိုမပုံပိုးမီ မိသားစုတစ်စုချင်းစီ၏ အလိုအပ်ဆုံးလိုအပ်ချက်ကို သိရှိနိုင်ရန် အချိန်ယူဆွေးနွေးသည်။

Shan State, 2017. A young mother holds her child outside her shelter in a displacement site as an ICRC staff member listens to her.

Before any help is decided, time is taken to understand what each family needs most.



ကချင်ပြည်နယ်၊ ၂၀၁၉။ ၂၀၁၆ ခုနှစ်တွင် နေအိမ်ကို မဖြစ်မနေစွန့်ခွာခဲ့ရသည့် ဤအမျိုးသမီးသည် နေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများနေထိုင်ရာ စခန်းတစ်ခုတွင် သူမ၏သား၊ ချွေးမတို့နှင့်အတူ နေထိုင်လျက်ရှိသည်။

အိုင်စီအာရ်စီက ပံ့ပိုးကူညီသည့် ငွေကြေးအထောက်အပံ့သည် သူမအတွက် အသေးစားဂျက်ခုတ်လုပ်ငန်းတစ်ခု အစပြုနိုင်ရန် ထောက်ကူခဲ့သည်။

Kachin State, 2019. Forced to flee her village in 2016, this woman now lives with her son and daughter-in-law in a displacement site.
A cash grant from the ICRC helped her start a small weaving business.

ICRC

ကချင်ပြည်နယ်၊ ၂၀၂၂။ အိုင်စီအာရ်စီက လေ့ကျင့်သင်တန်းပေးခဲ့သည့် ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သားတစ်ဦးသည် ကြက်များကို ၎င်း၏ပိုင်ရှင်ရှေ့တွင် ကာကွယ်ဆေးတိုက်ကျွေးနေစဉ်။

တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် လက်တွဲဆောင်ရွက်ကာ အိုင်စီအာရ်စီသည် မိသားစုများအား ၎င်းတို့မွေးမြူထားသည့် တိရစ္ဆာန်များကို ရောဂါဘယဘေးမှ ကာကွယ်နိုင်ရန် ပံ့ပိုးကူညီပြီး ဝေးလံသည့်ဒေသများရှိ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများကို လေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

Kachin State, 2022. A Community Animal Health worker trained by the ICRC vaccinates a chicken as its owner looks on.

Working with the Livestock Breeding and Veterinary Department, ICRC teams help families protect their animals from disease and train community animal health workers in remote areas.





ရှမ်းပြည်နယ်မြောက်ပိုင်း၊ ၂၀၂၂။ လားရှိုးမြို့နယ်၊ ပုံးမွန်ကျေးရွာတွင် အိုင်စီအာရ်စီဝန်ထမ်းတစ်ဦးက နေရပ်စွန့်ခွာမိသားစုများကို အိမ်ထောင်စုသုံးဆိုလာမီးကို မည်ကဲ့သို့အသုံးပြုရကြောင်း ရှင်းလင်းပြသနေစဉ်။

Northern Shan State, 2022. In Pong Mon village, Lashio Township, an ICRC staff member shows displaced families how to use a portable solar panel.

ကရင်ပြည်နယ်၊ ၂၀၂၃။ နေရပ်စွန့်ခွာမိသားစုများထံသို့ အရေးပေါ်အထောက်အပံ့များ ရောက်ရှိပြီဖြစ်သဖြင့် လူထုက ဆန်အိတ်များကို လှေပေါ်မှချနေစဉ်။

စားစရာများနှင့်အတူ ခြင်ထောင်များ၊ သန့်ရှင်းရေးသုံး ပစ္စည်းအစုံ၊ တာပေါ်လင်များနှင့် လာမည့်စိုက်ပျိုးရာသီတွင် စိုက်ပျိုးရန် မျိုးစေ့များလည်း ပေးဝေခဲ့သည်။

Kayin State, 2023. People unload sacks of rice from a boat as emergency assistance reaches displaced families.

Alongside food, the delivery included mosquito nets, hygiene kits, tarpaulins and seeds for the next planting season.





ICRC

ချင်းပြည်နယ်၊ ၂၀၂၃။ အိုင်စီအာရ်စီအဖွဲ့သည် နှစ်ရှည်နေရပ်စွန့်ခွာနေထိုင်ခဲ့ရသည့် ပလက်ဝမြို့နယ်ရှိ မိသားစုများအား အိုင်စီအာရ်စီနှင့် ၎င်း၏လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားနေစဉ်။

မိသားစုများ၏ လိုအပ်ချက်များကို နားထောင်ပြီးနောက် အဖွဲ့သည် ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် သန့်ရှင်းရေးသုံးပစ္စည်းအစုံနှင့် အိမ်သာများဆောက်လုပ်ရန် ပစ္စည်းများ ပေးအပ်ခဲ့သည်။

Chin State, 2023. An ICRC team sits with families in Paletwa Township, many of whom have lived in displacement for years.

After listening to their needs, the team provided hygiene kits and materials to build latrines, helping to prevent disease.



ကရင်ပြည်နယ်၊ ၂၀၂၄။ ၂၀၂၄ ခုနှစ် ကရင်ပြည်နယ်အတွင်း ဆိုးရွားသည့် ရေကြီးရေလျှံမှုကြောင့် နေရပ်စွန့်ခွာမိသားစုတော်တော်များများသည် ဘေးကင်းသည့် ရေရရှိမှုတွင် အခက်အခဲများ ရင်ဆိုင်နေရသည်။

အရေးပေါ်တုံ့ပြန်မှုကဏ္ဍတစ်ရပ်အနေဖြင့် အိုင်စီအာရ်စီသည် ရေစစ်အိုးများ၊ အစားအစာများနှင့် နေထိုင်ရန်အမိုးအကာ အထောက်အပံ့များ ပေးအပ်ခဲ့သည်။

Kayin State, 2024. Due to severe flooding in 2024 in Kayin, many displaced communities face challenges in accessing safe water.

As part of an emergency response, the ICRC provided water filters, food, and shelter assistance.



စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၀၂၅။ အသက် ၉၈ နှစ်အရွယ်ရှိပြီဖြစ်သည့် ဤအမေကြီးသည် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သည့် အပြောင်းအလဲများစွာကို မျက်မြင်ကြုံတွေ့ခဲ့သူဖြစ်သည်။

၂၀၂၅ ခုနှစ် မတ်လကလှုပ်ခတ်ခဲ့သည့် မြေငလျင်အတွင်း လမ်းလျှောက်ဖို့ပင် မဖြစ်နိုင်တော့သည့်အတွက် သူမနေ့စဉ်ထိုင်နေကျ ခုံတန်းလေးကိုဖက်ကိုင်ထားရင်းက သူမ ဒီဘေးက လွတ်မြောက်နိုင်တော့မည် မဟုတ်ဟု တွေးထင်ခဲ့သော်လည်း လွတ်မြောက်ခဲ့သည်။

Sagaing Region, 2025. At 98, this woman has witnessed many changes in Myanmar.

When the earthquake struck in March 2025, she could not walk and held on to the bench where she spends her days; she thought she would not survive. But she did.

ICRC


ICRC



မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၅။ အသက် ၅၉ နှစ်အရွယ် တောင်သူတစ်ဦးက ရှေ့လာမည့်စိုက်ပျိုးရာသီအကြောင်း အိုင်စီအာရ်စီဝန်ထမ်းများကို ပြောပြနေစဉ်။

သူ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် ဆိုးဆိုးရွားရွား ထိခိုက်ခဲ့သော်လည်း အိုင်စီအာရ်စီက ပံ့ပိုးကူညီသည့် အရည်အသွေးပြည့်မျိုးစေ့များ၊ မြေဩဇာနှင့် ငွေကြေး ပံ့ပိုးမှုတို့ကြောင့် သူ၏လယ်လုပ်ငန်းကို တစ်ဖန်ပြည်လည် စတင်နိုင်ခဲ့သည်။

Mandalay Region, 2025. A 59-year-old farmer talks with ICRC staff about the season ahead.

When his livelihood was severely disrupted, support from the ICRC, including quality seeds, fertiliser, and a cash grant, helped him start farming again.

Theme 3

Improving communities' access to healthcare, physical rehabilitation services, and promoting people's awareness of the risks of explosive hazards and safer behaviour

Physical rehabilitation was the ICRC's first area of work in Myanmar, and it continues today through service centres offering prosthetic and orthotic services, as well as outreach repair workshops and the training of local staff. The ICRC also supports health facilities with medicines and equipment, and first aid training with the Myanmar Red Cross Society. According to the Landmine Monitor 2025 report, Myanmar recorded more civilian casualties from landmines and explosive remnants of war than any other country.

အကြောင်းအရာ ၃။

ရပ်ရွာလူထုများ၏ ကျန်းမာရေး စောင့်ရှောက်မှု ရရှိခံယူနိုင်မှုနှင့် ကိုယ်ကာယပြန်လည် သန်စွမ်းရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်မှု ပိုမိုကောင်းမွန်လာစေခြင်းနှင့် ပေါက်ကွဲမှုဘေးနှင့် ပိုမိုဘေးကင်းစေရေး အမူအကျင့်များဆိုင်ရာ အသိပညာများ ပိုမိုမြင့်မားလာစေရန် ဆောင်ရွက်ခြင်း။

ကိုယ်ကာယပြန်လည်သန်စွမ်းရေးသည် အိုင်စီအာရ်စီ၏ မြန်မာနိုင်ငံအတွင်း ပထမဆုံးဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပြီး ဝန်ဆောင်မှုပေးအပ်ရာဌာနများမှတဆင့် ခြေတုလက်တုနှင့် အားပြုကိရိယာဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည့်အပြင် ရွှေ့လျားခြေတုပြုပြင်ရေးနှင့် ဒေသတွင်းဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်းအားဖြင့် ယနေ့ထိတိုင် လုပ်ကိုင်ဆောင်ရွက်နေဆဲ လုပ်ငန်းဖြစ်သည်။ ထို့ပြင် အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်အတူ လက်တွဲကာ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများအား ဆေးဝါးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ကူညီသည့်အပြင် ရှေးဦးပြုစုခြင်းသင်တန်းကိုလည်း ပေးအပ်လျက်ရှိသည်။ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး နောက်ဆုံးရအစီရင်ခံစာအရ အခြားသောနိုင်ငံများထက် မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းများနှင့် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများကြောင့် အရပ်သားထိခိုက်သေဆုံးမှု ပိုပိုများပြားကြောင်း မှတ်တမ်းတင်ခံထားရသည်။



ICRC

ရန်ကုန်တိုင်းဒေသကြီး၊ ၁၉၈၈။ မင်္ဂလာဒုံခြေတုလက်တုအလုပ်ရုံတွင် ပညာရှင်တစ်ဦးက ခြေတုအား ထိန်းညှိတပ်ဆင်ပေးနေစဉ်။

ကိုယ်ကာယပြန်လည်သန်စွမ်းရေးဖြင့် မြန်မာနိုင်ငံအတွင်း အိုင်စီအာရ်စီ၏ အခြေစိုက်လုပ်ငန်းဆောင်ရွက်မှုကို စတင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်ကာ ခြေတုလက်တုအလုပ်ရုံကို ထောက်ပံ့ကူညီခြင်းဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။

Yangon, 1988. A technician adjusts a prosthetic leg at the Mingaladon orthopaedic workshop.

Physical rehabilitation is where the ICRC's presence in Myanmar began: in 1986, the ICRC supported the orthopaedic centre in partnership with the Ministry of Health.



ရန်ကုန်တိုင်းဒေသကြီး၊ ၁၉၈၈။ မင်္ဂလာဒုံခြေတုလက်တုအလုပ်ရုံတွင် ပညာရှင်များ အလုပ်လုပ်ကိုင်နေစဉ်။
အိုင်စီအာရ်စီသည် ကာကွယ်ရေးဝန်ကြီးဌာန၏ ကိုယ်ကာယပြန်လည်သန်စွမ်းရေးအလုပ်ရုံတွင် မသန်စွမ်းသူများအတွက် အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်မှုဆိုင်ရာ အဆင့်မြင့်နည်းပညာဖြင့် ပံ့ပိုးကူညီခဲ့သည်။

Yangon, 1988. Technicians at work in the Mingaladon orthopaedic workshop.
The ICRC supported the Ministry of Defence's orthopaedic workshop with advanced technical production of assistive devices.



ကရင်ပြည်နယ်၊ ၂၀၁၇။ ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနတွင် ဝန်ထမ်းတစ်ဦးက ခြေတုတပ်ဆင်နေစဉ်အတွင်းလုပ်ဆောင်ရသည့် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာလေ့ကျင့်ခန်းကို လုပ်ဆောင်ပြသနေစဉ်။

၂၀၀၂ ခုနှစ်တွင် အိုင်စီအာရ်စီနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ တွဲဖက်ဖွင့်လှစ်ခဲ့သည့် ဤဌာနသည် ယနေ့ထိတိုင် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဝန်ဆောင်မှုများကို ဆက်လက်ပေးအပ်နေဆဲဖြစ်သည်။

Kayin State, 2017. Staff at Hpa-an Orthopaedic Rehabilitation Centre provide gait training.

Jointly opened by the ICRC and the Myanmar Red Cross Society in 2002, the centre continues to provide rehabilitation services today.

ICRC



ရှမ်းပြည်နယ်၊ ၂၀၁၈။ အိုင်စီအာရ်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့အတူ ပူးပေါင်းဖွင့်လှစ်ထားသည့် ကျိုင်းတုံကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနတွင် ဒီဇင်ဘာလ ၃ ရက်နေ့၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ဝိုးခဲ့ဘတ်စကက်ဘောအားကစားပြိုင်ပွဲတွင် မသန်စွမ်းအားကစားသမားများ၊ သန်စွမ်းသည့် အားကစားသမားများနှင့်အတူ အိုင်စီအာရ်စီဝန်ထမ်းများ ပါဝင်ကစားနေစဉ်။

Shan State, 2018. On 3 December, the International Day of Persons with Disabilities, players with and without disabilities, ICRC staff among them, meet in a wheelchair basketball match at the rehabilitation centre in Kyaing Tong, run by the Ministry of Health and the ICRC.

ရခိုင်ပြည်နယ်၊ ၂၀၁၉။ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အိုင်စီအာရ်စီတို့အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဆေးဘက်ဆိုင်ရာပို့ဆောင်ရွေ့ပြောင်းမှု။

ဤအရာသည် လက်နက်ကိုင်ပဋိပက္ခများအတွင်း ဖျားနာနေသူများနှင့် ဒဏ်ရာရရှိသူများကို ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုများရရှိစေရန် သေချာစေခြင်းဟူသည့် အိုင်စီအာရ်စီလုပ်ငန်းတာဝန်၏ အစိတ်အပိုင်းဖြစ်ပြီး ဤသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သည်။

Rakhine State, 2019. Medical evacuation by a joint MRCS and ICRC team.

It is part of ICRC's mandate to ensure that the sick and wounded have access to medical care in times of armed conflict, in coordination with health authorities.



ရှမ်းပြည်နယ်၊ ၂၀၁၉။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာလာသူများနေထိုင်ရာ စခန်းတစ်ခုတွင် နေထိုင်လျက်ရှိသည့် ကလေးငယ်များသည် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများအား သတိပြုမိစေရန်နှင့် ဤပစ္စည်းများကို တွေ့ရှိခဲ့ပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို လေ့လာသင်ယူနေစဉ်။

ကစားနည်းများနှင့် ရုပ်ပုံကားချပ်များသည် သင်ခန်းစာများကို ပိုမိုလွယ်ကူစွာ မှတ်မိစေသည်။ မြေမြှုပ်မိုင်းများနှင့် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများကြောင့် အရပ်သားထိခိုက်သေဆုံးမှု အများဆုံး နိုင်ငံတစ်ခုဟု မှတ်တမ်းတင်ခံထားရသည့် နိုင်ငံတွင် ဤအသိပညာများက အသက်များကို ကယ်ဆယ်နိုင်သည်။

Shan State, 2019. Children living in a displacement site in northern Shan learn to recognise explosive remnants of war and what to do if they find one.

Games and pictures make the lessons easier to remember. In a country with one of the highest recorded numbers of civilian casualties from Landmines and explosive remnants of war, this knowledge can save lives.





ကချင်ပြည်နယ်၊ ၂၀၂၀။ အိုင်စီအာရ်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် မြစ်ကြီးနားကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနတွင် အသက်သုံးနှစ်အရွယ် ဤကလေးငယ်သည် ခြေတုအသစ်ကို တပ်ဆင်နေစဉ်။

ကလေးငယ်သည် ကြီးထွားလာသည့်အတွက် ပထမရရှိထားသည့် ခြေတုနှင့် မကိုက်ညီတော့ပါ။ ဤဌာနသည် မည်သည့်အကြောင်းကြောင်းကြောင့်ဖြစ်စေ ခြေတုလိုအပ်လျက်ရှိသူတိုင်းကို ဝန်ဆောင်ပေးလျက်ရှိသည်။

Kachin State, 2020. At three years old, this boy is fitted with a new prosthetic leg at the Myitkyina Physical Rehabilitation Centre, run by the Ministry of Health and Sports and the ICRC.

He had outgrown his first one. The centre serves anyone who needs a prosthesis, whatever the cause.

ကရင်ပြည်နယ်၊ ၂၀၂၃။ ဖာပွန်နှင့် လှိုင်းဘွဲ့မြို့နယ်တို့တွင် အရေးပေါ်အထောက်အပံ့များအတွက် လာရောက်စုဝေးလျက်ရှိသည့် မိသားစုများသည် အိုင်စီအာရ်စီဝန်ထမ်းတစ်ဦးက မြေမြှုပ်မိုင်းများနှင့် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများဘေးမှ အန္တရာယ်ကင်းစွာနေထိုင်နိုင်ရန် မည်ကဲ့သို့ပြုမူဆောင်ရွက်ရမည့်အကြောင်း ရှင်းပြနေသည်ကို နားထောင်နေစဉ်။



Kayin State, 2023. Families gathered for an emergency distribution in Hpapun and Hlaingbwe townships listen to an ICRC staff member explain how to stay safe from landmines and explosive remnants of war.



ကရင်ပြည်နယ်၊ ၂၀၂၄။ မစန်းစန်းမော်သည် ကရင်ပြည်နယ်တွင် ခြေတုတစ်ခုကို ပြုပြင်ပေးနေစဉ်။

သူမသည် မြေမြှုပ်မိုင်းမတော်တဆမှုကနေ အသက်ရှင်လွတ်မြောက်လာသူဖြစ်ပြီး ယခုလက်ရှိတွင် အိုင်စီအာရ်စီ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနတွင် အသေးစားခြေတုလက်တုပြုပြင်ခြင်းသင်တန်းကို တက်ရောက်ခဲ့ပြီးနောက် အခြားသူများ၏ ခြေတုလက်တုနှင့် အားပြုကိရိယာများကို ပြုပြင်ပေးလျက်ရှိသည်။ သူမသည် အသေးစားခြေတုလက်တုပြုပြင်ရန် အကူအညီလိုအပ်နေသူများထံသို့ ကိုယ်တိုင်သွားရောက်ခြင်းဖြင့် ထိုသူများသည် ဌာနအထိသွားရောက်ရန် မလိုတော့ပါ။

Kayin State, 2024. Ma San San Maw adjusts a prosthetic leg in Kayin State.

She is a landmine survivor herself, and now repairs prostheses and orthoses for others, after training in minor prosthetic repair at the Hpa-an Orthopaedic and Rehabilitation Centre run by MRCS with ICRC's support. She visits people who need support with their prostheses, so they don't have to travel to the center.


ICRC



မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၅။ နေရပ်စွန့်ခွာ စခန်းတစ်ခုအတွင်းရှိ ကလေးများသည် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးပွဲအတွင်း ရုပ်ပုံကတ်များကို ကိုင်မြှောက်ထားစဉ်။

ဆော့ကစားခြင်းဖြင့် သင်ယူခြင်းသည် မကိုင်ရ၊ နေရာမရွှေ့ရ၊ လူကြီးများကိုပြောရန်ဟူသည့် အဓိကသတင်းစကားများကို ပိုမိုလိုက်နာဆောင်ရွက်စေသည်။

Mandalay Region, 2025. Children in a displacement site raise picture cards during a session on staying safe from landmines and explosive remnants of war.

Learning through play helps the key messages to stick: do not touch, move away, and tell an adult.

မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၅။ မတ်လက လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးနောက်တွင် အပျက်အစီးများကြား လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဒေသတွင်းကယ်ဆယ်ရေး စေတနာလုပ်အားရှင်များနှင့် အိုင်စီအာရ်စီဝန်ထမ်းတစ်ဦး ညှိနှိုင်းဆွေးနွေးပြီး ထောက်ပံ့ကူညီပေးနေစဉ်။

ဒေသတွင်းရှိ ကနဦးတုံ့ပြန်ကူညီသူများသည် ပြိုပျက်နေသည့် အဆောက်အအုံများအောက်ရှိ ပိတ်မိနေသူများထံ ဦးဆုံးရောက်ရှိ ကူညီသူများဖြစ်သည်။

Mandalay Region, 2025. An ICRC staff member coordinated and supported local rescue volunteers who worked in the rubble after the earthquake in March.

Local first responders were the first to reach people trapped under collapsed buildings.



Theme 4

Promoting international humanitarian law and humanitarian principles to reduce human suffering

International humanitarian law limits the effects of war. It protects civilians, civilian objects including critical infrastructure enabling essential services, wounded and the sick and medical missions, and it requires humane treatment for anyone captured or detained. Myanmar acceded to the four Geneva Conventions on 25 August 1992. Making these rules known as widely as possible is part of the ICRC's core mandate: with communities, in academic and religious circles, and with those who carry weapons or hold authority.

အကြောင်းအရာ ၄။

လူသားများ၏ဆင်းရဲဒုက္ခများကို လျှော့ချနိုင်ရန် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ မူများအား အများသိရှိလာစေရန် ဆောင်ရွက်ခြင်း။

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေသည် စစ်ပွဲ၏သက်ရောက်မှုများကို ကန့်သတ်ပေးသည်။ ၎င်းသည် အရပ်သားများ၊ မရှိမဖြစ်အရေးကြီးသည့် ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံများအပါအဝင် အရပ်သားပိုင်ပစ္စည်းများ၊ ဒဏ်ရာရရှိထားသူများနှင့် ဖျားနာနေသူများနှင့် ဆေးဘက်ဆိုင်ရာလုပ်ငန်းများကို အကာအကွယ်ပေးသည့်အပြင် ဖမ်းဆီးထိန်းသိမ်းထားသည့် မည်သူကိုမဆို လူသားဆန်သည့် ပြုမူဆက်ဆံမှုများရှိစေရန် သတ်မှတ်ပေးသည်။ မြန်မာနိုင်ငံသည် ဂျီနီဗာသဘောတူညီစာချုပ် ၄ ခုကို ၁၉၄၂ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် သဘောတူလက်ခံခဲ့သည်။ ရပ်ရွာလူထုများ၊ တက္ကသိုလ်နှင့် ဘာသာရေးအဝန်းအဝိုင်းများနှင့် လက်နက်ကိုင်ဆောင်ထားသူများ သို့မဟုတ် ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းရှိသူများအကြား ဤစည်းမျဉ်းများကို တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန် ဆောင်ရွက်ခြင်းသည် အိုင်စီအာရ်စီ၏ အဓိကလုပ်ငန်းတာဝန်တွင် ပါဝင်သည်။



ICRC

ရန်ကုန်တိုင်းဒေသကြီး၊ ၂၀၁၆။ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ပထမဆုံးအပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေသရုပ်ပြတရားရုံးပြိုင်ပွဲတွင် ဥပဒေကျောင်းသူတစ်ဦးက သူမ၏ဖြစ်ရပ်ကို ပြန်လှန်ပြောဆိုတင်သွင်းနေစဉ်။

တက္ကသိုလ်ငါးခုက ကျောင်းသား၊ ကျောင်းသူများသည် စိတ်ကူးဖြင့်ပုံဖော်ထားသည့် စစ်ရာဇဝတ်မှုဆိုင်ရာ ဖြစ်ရပ်တစ်ခုတွင် တရားစွဲဆိုသူများနှင့် တရားစွဲဆိုခံရသူများ၏ ရှေ့နေကဏ္ဍများအားဖြင့် ပါဝင်သရုပ်ပြယှဉ်ပြိုင်ခဲ့သည်။

Yangon Region, 2016. A law student argues her case at Myanmar's first national moot court competition on international humanitarian law, held at Yangon University.

Students from five universities took the roles of prosecution and defence in a fictitious case of war crimes.

ရန်ကုန်တိုင်းဒေသကြီး၊ ၂၀၁၈။ ကျောင်းသား၊ ကျောင်းသူများသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာ ထောက်ထားမှုဥပဒေ၊ စစ်ပွဲဆိုင်ရာဥပဒေများအပေါ် ၎င်းတို့၏ နားလည်မှု၊ အရပ်သားပြည်သူများနှင့် တိုက်ခိုက်ရာတွင် ပါဝင်ခြင်းမရှိသူများအား အကာအကွယ်ပေးရန် အရေးကြီးပုံတို့ကို အချေအတင်ဆွေးနွေးရာတွင် ပါဝင်ခဲ့ပြီးနောက် သရုပ်ပြတရားရုံးပြိုင်ပွဲအတွက် ပေးအပ်သည့်ဆုကို လက်ခံရယူနေစဉ်။

Yangon Region, 2018. Students receive a moot court award after engaging in debates on international humanitarian law (IHL), demonstrating their understanding of the laws of armed conflict and the importance of protecting civilians and others who are not taking part in the fighting.



ICRC

ရှမ်းပြည်နယ်၊ ၂၀၂၀။ အိုင်စီအာရ်စီနှင့် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်တို့ အတူတကွကြီးမှူးကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် သံဃာတော်တစ်ပါးက တင်ပြဆွေးနွေးထားသည့် အချက်အလက်များကို မှတ်တမ်းယူနေစဉ်။

ပညာရှင်သံဃာတော်များ၊ သီလရှင်များနှင့် စာသင်သားသံဃာတော်များသည် စစ်ပွဲအတွင်း ထိခိုက်ခံစားရမှုများ လျော့ပါးသက်သာစေရေးအတွက် ထားရှိသည့်ဝတ္တရားများနှင့် အသက်ရှင်သန်မှုကို အလေးထားလေးစားစေရေး အတွက် ဗုဒ္ဓတရားတော်နှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေနှစ်ရပ်လုံးတွင် တူညီစွာ ကျင့်သုံးလျက်ရှိသည့် အကျင့်တရားများကို လေ့လာနိုင်ခဲ့သည်။

Shan State, 2020. A monk records a presentation at a workshop co-hosted by the ICRC and Shan State Buddhist University.

Scholar monks, nuns and students explored the shared principles of Buddhist teaching and international humanitarian law, particularly respect for life and the responsibility to alleviate suffering during war.


ICRC

ကချင်ပြည်နယ်၊ ၂၀၂၂။ အိုင်စီအာရ်စီအဖွဲ့သည် မြစ်ကြီးနားရှိ မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီ၊ ကချင်ပြည်နယ် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG)နှင့် ကချင်အမျိုးသားများအတိုင်ပင်ခံအဖွဲ့ (KNCA) တို့က အဖွဲ့ဝင်များနှင့်အတူကျင်းပသည့် အိုင်စီအာရ်စီနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (အိုင်အိတ်ချ်အယ်လ်) ဆိုင်ရာ ဆွေးနွေးပွဲတစ်ခုတွင် ဆွေးနွေးတင်ပြနေစဉ်။

Kachin State, 2022. The ICRC team held a presentation session on the ICRC and international humanitarian law (IHL) with members of the Myitkyina Council of Churches, Peace-Talk Creation Group (PCG), and the Kachin National Consultative Assembly (KNCA) in Myitkyina.





ကချင်ပြည်နယ်၊ ၂၀၂၂။ သံဃာတော်တစ်ပါးသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအကြောင်းကို အိုင်စီအာရ်စီကထုတ်ဝေသည့် စာစောင်မှတဆင့် ဖတ်ရှုလေ့လာနေစဉ်။

နေအိမ်များကိုစွန့်ခွာခဲ့ရသည့် မိသားစုများအတွက် နေရာထိုင်ခင်းကူညီခဲ့သည့် သံဃာတော်များတွင် ဆရာတော်လည်း ပါဝင်ခဲ့သည်။

Kachin State, 2022. A monk reads through ICRC brochure on international humanitarian law.

He is among the monks who opened their monasteries to families forced from their homes.



မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၅။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ရှိ နောက်ဆုံးနှစ်စာသင်သားသံဃာတော်များသည် ရှေးဦးပြုစုခြင်းနှင့်အတူ ပူးတွဲကျင်းပသည့် ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေဆိုင်ရာ ဆွေးနွေးပွဲတွင် လေ့လာသင်ယူနေစဉ်။

နှစ်စဉ်နှစ်တိုင်း အိုင်စီအာရ်စီနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ဤကဲ့သို့သောလေ့ကျင့်သင်တန်းများကို အတူတကွ ပေးအပ်လေ့ရှိသည်။ သံဃာတော်များသည် ၎င်းတို့၏ရပ်ရွာများတွင် အယုံကြည်ရဆုံးသော ပုဂ္ဂိုလ်များဖြစ်သည့်အပြင်၊ မကြာခဏဆိုသလို အကြမ်းဖက်မှု သို့မဟုတ် သဘာဝဘေးများဖြစ်ပွားလာသည့်အခါ အကူအညီကို ပထမဆုံးပေးအပ်ကူညီသည့် လူပုဂ္ဂိုလ်များတွင်လည်း ပါဝင်သည်။

Mandalay Region, 2025. Final-year monks at the State Pariyatti Sasana University learn first aid alongside a session on Buddhism and international humanitarian law.

Each year, the ICRC and the Myanmar Red Cross Society run this training together. Monks are among the most trusted voices in their communities, and often among the first to help when violence or disaster strikes.

Theme 5

The Red Cross and Red Crescent Movement as a whole

The Myanmar Red Cross Society is the country's own Red Cross, recognised by the ICRC in 1939 and auxiliary to the public authorities in the humanitarian field. Its volunteers are often the first to respond in their own communities. Across forty years, almost everything in this book was done together. In certain circumstances, and only when all sides request and accept it, the ICRC also acts as a neutral intermediary between parties to a conflict.

အကြောင်းအရာ ၅။

ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု တစ်ခုတည်းအဖြစ် တုံ့ပြန်ကူညီ ဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံ၏ ကြက်ခြေနီဖြစ်ပြီး ၁၉၃၉ ခုနှစ်တွင် အိုင်စီအာရ်စီက အသိအမှတ်ပြုခဲ့ပြီး၊ နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များအတွက် အရန်အင်အားဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စေတနာလုပ်အားရှင်များသည် မကြာခဏဆိုသလို ၎င်းတို့၏ရပ်ရွာများတွင် ပထမဆုံးတုံ့ပြန်ကူညီဆောင်ရွက်သူများ ဖြစ်ကြသည်။ နှစ်ပေါင်း ၄၀ တစ်လျှောက်လုံး၊ ဤစာအုပ်တွင် ဖော်ပြထားသည့်အရာများအားလုံးနီးပါးကို အတူတကွလုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည်။ အချို့သောအခြေအနေများတွင်နှင့် ဘက်အားလုံးက တောင်းဆိုသည့်အချိန်နှင့် လက်ခံသည့်အခါမျိုးတွင် အိုင်စီအာရ်စီသည် ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များအကြား ကြားနေ၍ ကြားခံကဏ္ဍမှနေ၍ ပါဝင်ဆောင်ရွက်သည်။



ICRC

Rakhine State, 2015. A Myanmar Red Cross Society volunteer leads a hygiene promotion session for children after severe floods swept through the region.

When water sources are contaminated, safe water and proper hygiene practices, including handwashing with safe water, are essential to reducing the risk of disease. Volunteers from the same communities they serve are often the first to bring this help.

ရခိုင်ပြည်နယ်၊ ၂၀၁၅။ ဒေသအတွင်း ဆိုးရွားသည့် ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ စေတနာလုပ်အားရှင်တစ်ဦးသည် ကလေးများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး မြှင့်တင်ခြင်းဆိုင်ရာဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေး ပြောကြားနေစဉ်။

ရေအရင်းမြစ်များ ညစ်ညမ်းသွားခြိန်တွင် ဘေးကင်းသည့် ရေနှင့် ထိုရေဖြင့် လက်ဆေးခြင်းအပါအဝင် မှန်ကန်သည့် သန့်ရှင်းရေးဆိုင်ရာအလေ့အကျင့်များကို လိုက်ပါဆောင်ရွက်ခြင်းသည် ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချရာတွင် မရှိမဖြစ်အရေးကြီးသည်။ ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာတစ်ခုထဲမှာရှိသည့် စေတနာ လုပ်အားရှင်များသည် မကြာခဏဆိုသလို အကူအညီကို ပထမဆုံးယူဆောင်လာသူများဖြစ်သည်။



ICRC

ကရင်ပြည်နယ်၊ ၂၀၁၈။ ဘားအံမြို့အနီး ဆောင်ရွက်ခဲ့သည့် နယ်လှည့်ခြေတုပြုပြင်ရေးဝန်ဆောင်မှုပေးသည့် အဖွဲ့တွင်ပါဝင်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အဖွဲ့ဝင်တစ်ဦးသည် အသက် ၈ နှစ်အရွယ် သမီးငယ်ကို အားပေးစကားပြောကြားနေစဉ်။

နယ်လှည့်ဆောင်ရွက်ခြင်းသည် လူထုအား ခရီးရှည်ကြီး သွားရောက်ရန်မလိုဘဲ ဆန်းစစ်လေ့လာမှုများနှင့် ပြုပြင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်စေသည်။

Kayin State, 2018. An eight-year-old girl is reassured by a Myanmar Red Cross Society team member at a mobile repair workshop near Hpa-an.

The outreach brings assessments, repairs and fittings closer to home for people who would otherwise travel long distances.

ရန်ကုန်တိုင်းဒေသကြီး၊ ၂၀၂၀။ ရန်ကုန်ဘူတာကြီးတွင် အိုင်စီအာရ်စီနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့သည် အကျဉ်းထောင်က လောလောလတ်လတ် ပြန်လည်လွတ်မြောက်လာသူများကို ၎င်းတို့၏ အိမ်ပြန်ခရီးအတွက် လိုအပ်သည့်အကူအညီများကို ပေးအပ်နေစဉ်။

ခရီးစဉ်နှင့် စားသောက်ရန်အတွက် ငွေကြေးနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် အကြံပြုချက်များကို ထိုသူတစ်ဦးတစ်ယောက်တိုင်း ရရှိခဲ့သည်။



Yangon Region, 2020. At the central railway station, the ICRC and the Myanmar Red Cross Society help people recently released from detention begin their journey home.

Each person receives money for the trip, food, water, and advice on staying safe from COVID-19.



ချင်းပြည်နယ်၊ ၂၀၂၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းတစ်ဦးသည် နေအိမ်များနှင့်ဝေးရာတွင် တစ်နှစ်ကျော်ကြာ နေထိုင်ခဲ့ရသည့် မိသားစုများနှင့် စကားပြောဆိုနေစဉ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အိုင်စီအာရ်စီတို့အတူပူးပေါင်းကာ ငွေကြေးအထောက်အပံ့နှင့် အမိုးအကာဆောက်လုပ်ရန် လိုအပ်သည့်ပစ္စည်းများကို ပေးအပ်ခဲ့သည့်အပြင် ရပ်ရွာလူထုအား မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများအန္တရာယ်ကို အသိပေးပြောကြားခဲ့သည်။

Chin State, 2021. A Myanmar Red Cross Society staff member speaks with families who had been living away from their homes for more than a year.

Together, the MRCS and the ICRC provided cash assistance and materials to rebuild shelters and warned communities about the dangers of landmines and explosive remnants of war.



ရှမ်းပြည်နယ်တောင်ပိုင်း၊ ၂၀၂၂။ ကယားပြည်နယ်တွင် တိုက်ပွဲများ ပြင်းထန်လာသည့်နောက် ထောင်ပေါင်းများစွာသောသူများသည် နေအိမ်များကို မဖြစ်မနေစွန့်ခွာခဲ့ရပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် လာရောက်ခိုလှုံခဲ့ကြသည်။

ဒေသခံရပ်ရွာလူထု၏ကူညီမှုနှင့်အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကျွန်ုပ်တို့ အတူတကွလုပ်ငန်းဆောင်ရွက်ကာ အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ပင်လောင်းနှင့် ဆီဆိုင်တို့ရှိ လူထုကို ပံ့ပိုးကူညီခဲ့ပြီး၊ ကယ်ဆယ်ရေးအထောက်အပံ့ပေးအပ်ခဲ့သည်။

Southern Shan State, 2022. Following intense clashes in Kayah State, several thousand people were forced to flee their homes and seek refuge in southern Shan State.

Alongside the hospitality of host communities, we have been working with the Myanmar Red Cross Society to support people displaced by violence in Pin Laung and Hsi Hseng, providing relief assistance.

ICRC



မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၆။ နေရပ်သို့ ပြန်လည်ရောက်ရှိလာကြသည့် မိသားစုများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အိုင်စီအာရ်စီတို့ အတူဆောင်ရွက်သည့် ဘေးအန္တရာယ်အသိပညာပေးပွဲ။

တိုက်ပွဲကြောင့် မိမိတို့နေအိမ်ကိုစွန့်ခွာခဲ့ရသည့်လူထုသည် ၎င်းတို့၏ နေအိမ်များကိုပြန်လာချိန်တွင် မပေါက်ကွဲသေးသည့် စစ်ကျန် လက်နက်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို သိရှိထားရန်လိုအပ်သည်။

Mandalay Region, 2026. Joint MRCS and ICRC risk awareness session for returning families.

People who left their home because of fighting need to understand the risks posed by unexploded ordnance and landmines when they return home.

ICRC

Cover photo: ICRC

www.icrc.org
facebook.com/ICRCmm
x.com/icrc
instagram.com/icrc

အမြည်မြည်ဆိုင်ရာကြက်ခြေနီကော်မတီ
၂(ဂ)-၅၊ ကမ္ဘာအေးဘုရားလမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၇ ၆၆၆ ၂၅၅၅
ဖက်(စ်) - ၀၁ ၆၅၀ ၁၁၇
အီးမေးလ် - yan_yangon@icrc.org

© ICRC, November 2026

အိုင်စီအာရ်စီအား ဆက်သွယ်ရန်-
အိုင်စီအာရ်စီလူမှုအခြေပြုဆက်သွယ်ရေးဌာန (CCC) -
၀၉ ၇၇ ၆၆၆ ၂၅၅၅

ICRC